# ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် အာဏာတည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

အဓိပ္ပါယ်ရှင်းလင်း ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်" ဆိုသည်မှာတက္ကသိုလ် နယ်နိမိတ်အပ၌ တည်ရှိသည့်ပြင်၊ ဤကိစ္စ အလို့ငှါ ပြဋ္ဌာန်း ထားသော စည်းကမ်းချက်များအရ၊ တက္ကသိုလ်နှင့် ဆက် သွယ်ပေါင်းစည်းမှုခံစားခွင့်ရရှိသော ကောလိပ်ကိုဆိုလိုသည်။

(ခ) "ကောင်စီ" ဆိုသည်မှာ၊ မန္တလေးတက္ကသိုလ် ကောင်စီကို ဆိုလိုသည်။

(ဂ) "တက္ကသိုလ်ဘွဲ့ရသူ" ဆိုသည်မှာ၊ စည်းမျဉ်း ဥပဒေများအရ တက္ကသိုလ်ဘွဲ့နှင်းအပ်ခြင်းခံရသူကိုဆိုလိုသည်။

(ဃ) "တက္ကသိုလ်နယ်နိမိတ်" ဆိုသည်မှာ၊ မန္တလေးတောင်ခြေတော်ကို ဗဟိုပြု၍ တဆယ့်ငါးမိုင် ပတ်လည် အတွင်း ရှိ နယ်မြေကို ဆိုလိုသည်။

(င) "ဝါမောက္ခ" ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ၊ မန္တလေးတက္ကသိုလ် ဝါမောက္ခအဖြစ် ခန့်ထားခြင်းခံရ သူကို ဆိုလိုသည်။

(စ) "သုတေသနပညာရှိ" ဆိုသည်မှာ၊ ဤအက်ဥပဒေ၊ မန္တလေး တက္ကသိုလ်စတက်ကျူဥပဒေများ၊ စည်းမျဉ်းဥပဒေများပါပြဋ္ဌာန်း ချက်များနှင့်အညီ တက္ကသိုလ်သုတေသန ပညာရှိအဖြစ်ခန့်ထား ခြင်းခံရသူကို ဆိုလိုသည်။

(ဆ) "မှတ်ပုံ ဝင် တက္က သိုလ် ဘွဲ့ရ သူ" ဆို သည် မှာ၊ မန္တ လေး တက္ကသိုလ်စတက်ကျူဥပဒေများပါ ပြဋ္ဌာန်းချက်များအရ၊ မှတ်ပုံ တင်ပြီးဖြစ်သော တက္ကသိုလ်ဘွဲ့ရသူကို ဆိုလိုသည်။

(ဇ) "စည်းမျဉ်းဥပဒေများ" ဆိုသည်မှာ၊ နိုင်ငံတော် သမတ က ပဌမဦးစွာပြဋ္ဌာန်းပြီးနောက် အခါအားလျော်စွာ ပါမောက္ခအဖွဲ့ က ပြင်ဆင်သော မန္တလေးတက္ကသိုလ် စည်းမျဉ်း ဥပဒေများကို၎င်း၊ ဤအက်ဥပဒေအရ၊ ပါမောက္ခအဖွဲ့က ပြုလုပ်မည့် ပြင်ဆင် ချက်များနှင့် ဖြည့်စွက်ချက်များကို၎င်း ဆိုလိုသည်။

အဖိုး—၂၀ ပြား]

(ဈ) " နည်းဥပဒေများ " ဆိုသည်မှာ၊ ပုဒ်မ ၁၆ အရ ပြုလုပ်သော နည်းဥပဒေများကို ဆိုလိုသည်။

(ည) " ပါမောက္ခအဖွဲ့ "ဆိုသည်မှာ၊ မန္တလေးတက္ကသိုလ် ပါမောက္ခ အဖွဲ့ကိုဆိုလိုသည်။

(ဋ) " စတက်ကျူဥပဒေများ " ဆိုသည်မှာ၊ နိုင်ငံတော်သမတ က ပဌမဦးစွာပြဋ္ဌာန်းပြီးနောက် အခါအားလျော်စွာ ကောင်စီက ပြင်ဆင်သော မန္တလေးတက္ကသိုလ်စတက်ကျူဥပဒေများကိုင်း၊ ဤအက်ဥပဒေအရ ကောင်စီကပြုမည့် နောက်ထပ်ဖြည့်စွက်ချက် များနှင့်နောက်ထပ်ပြင်ဆင်ချက်များကိုင်း ဆိုလိုသည်။

(ဌ) " တက္ကသိုလ် " ဆိုသည်မှာ၊ မန္တလေးတက္ကသိုလ်ကိုဆိုလိုသည်။

(ဍ) " မဟာဌာနမှူး" ဆိုသည်မှာ၊ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ တက္ကသိုလ်၏ မဟာဌာနတခုခုတွင် မဟာဌာနမှူးအဖြစ် ခန့်ထားခြင်းခံရသော ပါမောက္ခကိုဆိုလိုသည်။

(ဎ) " အထက်မြန်မာနိုင်ငံ "ဆိုသည်မှာ၊ စစ်ကိုင်းတိုင်း၊ မန္တလေး တိုင်း၊ မကွေးတိုင်းဟူ၍ အမည်တွင်သော မြို့ပြဆိုင်ရာ အုပ်ချုပ် ရေးတိုင်း သုံးတိုင်းတွင်ပါဝင်သောဒေသများကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် နိုင်ငံတော်သမတ က ကြေညာမည့် အခြား ဒေသများလည်း ပါဝင်သည်။

တက္ကသိုလ်အဖွဲ့။

၃။ ။(၁) နိုင်ငံတော်သမတသည် မိမိ၏အမိန့်ကြော်ငြာစာဖြင့်သတ်မှတ် သည့် နေ့ရက်တွင် မန္တလေးတက္ကသိုလ်ဟူသော အမည်ဖြင့် တရားဝင်အဖွဲ့တခုကို ဖွဲ့စည်းရမည်။

(၂) တက္ကသိုလ်တွင် စဉ်ဆက်မပြတ် ဆက်ခံအောင်ရွက်နိုင်ခွင့်နှင့် တက္ကသိုလ်ပိုင်တံဆိပ်တခုရှိရမည့်အပြင်၊မန္တလေးတက္ကသိုလ်အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်သည်။

တာဝန်ဝတ်တရား။

၄။ ။တက္ကသိုလ်သည် အောက်ပါအာဏာများကို သုံးစွဲရမည့်အပြင်၊ အောက်ပါ တာဝန် ဝတ်တရားများကိုလည်း ဆောင်ရွက် ရမည်။

(က) တက္ကသိုလ်က သင့်တော်သည် ထင်မြင်သော အတတ်ပညာရပ် အမျိုးမျိုးကို သင်ကြားပို့ချရေးအတွက် စီမံထားရှိရန်၊ ထို့ပြင် တိုင်းသူပြည်သားတို့၏ ခေတ်ထိုင်မှုအခြေအနေ၊ စီးပွါးရေးအခြေ အနေများအရ၊ လိုအပ်သောလူမှုကိစ္စအဝဝတို့အတွက် အထူး ပညာတတ်ပုဂ္ဂိုလ်များ၊ ပညာကျော်များ၊စက်မှုလက်မှုကျွမ်းကျင် သူများဖြစ်ထွန်းအောင်သင်ကြားပေးရန်။

(ခ) သုတေသနလုပ်ငန်းအတွက်ငှင်း၊ ပညာတိုးပွါးရေးအတွက် ငှင်း၊ ပညာဖြန့်ချီရေးအတွက်ငှင်း စီမံထားရှိရန်။

(ဂ) စာမေးပွဲများကျင်းပရန်၊ ထို့ပြင် တက္ကသိုလ်ဘွဲ့များ၊ဒီပလိုမာလက် မှတ်များ၊ တက္ကသိုလ်ခွင့်ပြု လက်မှတ်များ၊ တက္ကသိုလ် အောင် လက်မှတ်များအပြင်၊ တက္ကသိုလ်ဆိုင်ရာ အခြားပညာဂုဏ်ထူး များကိုအပ်နှင်းချီးမြှင့်ရန်။

(ဃ) မဟာ ဌာနမှူးများ၊ ပါမောက္ခများ၊ သုတေသန ပညာရှိများ၊ တက္ကသိုလ်ကထိကများ၊ တက္ကသိုလ်ဆရာများနှင့် လိုအပ်သော အုပ်ချုပ်ရေးအရာရှိများကို ခန့်ထားရန်။

(င) တက္ကသိုလ် ပညာ သင် ဆု ငွေ၊ ပညာ သင် ထောက်ပံ့ဆု ငွေ၊ တက္ကသိုလ်ဆုနှင့်အခြားပညာချွန်ဆုများကို စီမံထားရှိချီးမြှင့်ရန်။

(စ) စာကြည့်တိုက်များ၊ ဓါတ်ခွဲ ဓါတ်စမ်းခန်းများ၊ပြတိုက်များအပြင်၊ တက္ကသိုလ်၏ ကိစ္စများကို အထောက်အပံ့ပြုသည့် အခြားအဖွဲ့ အစည်းများကို တည်ထောင်ရန်၊ ဆောက်လုပ်ရန်၊ ဆင်ယင်ရန်၊ ထောက်ပံ့ထိန်းသိမ်းရန်။

(ဆ) တက္ကသိုလ်က ဆုံးဖြတ်သောကိစ္စများအလို့ငှါရင်း၊ တက္ကသိုလ်က ဆုံးဖြတ်သော နည်းလမ်းနှင့်အညီရင်း အခြားတက္ကသိုလ်များ၊ အခြားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(ဇ) တက္ကသိုလ်ကျောင်းသားများ၏ နေရေးထိုင်ရေးစည်းကမ်းသေဝပ် ရေးတို့ကိုကြီးကြပ်အုပ်ချုပ်ရန်နှင့် ကျောင်းသားများ၏ကျန်းမာ ရေးတိုးတက်မှုအတွက် စီမံခန့်ခွဲရန်။

(ဈ) စည်းမျဉ်း ဥပဒေများအရ၊ သတ်မှတ်မည့် အခ ကြေးငွေများကို တောင်းယူလက်ခံရန်။

(ည) နိုင်ငံတော်သမတ ကသတ်မှတ်သည့်စည်းကမ်းချက်များနှင့်အညီ၊ နိုင်ငံတော် သမတ ထံမှ ထောက်ပံ့ကြေးများကို လက်ခံရန်၊ ထို့ပြင် သေတမ်းစာထားခဲ့သူများကဖြစ်စေ၊ အလှူရှင်များက ဖြစ်စေ၊လွှဲပြောင်းပေးအပ်သူများကဖြစ်စေ သတ်မှတ်သည့် စည်း ကမ်းချက်များအတိုင်း၊ ရွှေ့ပြောင်းနိုင်သော၊ သို့တည်းမဟုတ် မရွှေ့ပြောင်းနိုင်သော သေတမ်းစာပါ အမွေပစ္စည်းများ၊ အလှူ ပစ္စည်းများ၊လွှဲပြောင်းပေးအပ်သောပစ္စည်းများတို့ကို လက်ခံရန်၊ ထို့ပြင်။

(ဋ) တက္ကသိုလ်၏ ရည်ရွယ်ချက်များကို ပြီးမြောက်အောင်မြင်စေရေး အတွက် လိုအပ်သောအခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်။

**လူမျိုးမရွေး ဝင်ရောက်ခွင့်။**

၅။ ။ကျား-မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး၊ လူခပ်သိမ်းတို့အား တက္ကသိုလ်ဝင်ရောက်နိုင်ခွင့်ရှိစေရမည်။ တက္ကသိုလ် ဆရာ အဖြစ် ဖြင့် သော်ရင်း၊ တက္ကသိုလ် ကျောင်းသားအဖြစ်ဖြင့်သော်ရင်း၊ တက္ကသိုလ်ဝင်ရောက်ခွင့် ရရန်အလို့ငှါ၊ သို့တည်း မဟုတ် တက္ကသိုလ်ရာထူးတခုခုတွင်ထမ်းရွက်ရန်အလို့ငှါ၊သို့တည်းမဟုတ် တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာလက်မှတ်၊ တက္ကသိုလ်ခွင့်ပြုလက်မှတ်၊တက္ကသိုလ်အောင်လက်မှတ်၊ တက္ကသိုလ် ဆိုင်ရာအခြားပညာဂုဏ်ထူးတခုခုကိုရယူရန်အလို့ငှါ၊ သို့တည်းမဟုတ် တက္ကသိုလ် ပညာသင်ဆု၊ တက္ကသိုလ်ဆု၊ အခြားပညာချွန်ဆုတခုခုကိုရယူရန်အလို့ငှါ၊ သို့တည်း မဟုတ်တက္ကသိုလ်ဆိုင်ရာအခြားအခွင့်အရေးတခုခုကိုခံစားခြင်း၊ သုံးစွဲခြင်းတခုခုပြုနိုင်ရန် အလို့ငှါ၊ တဦးတယောက်သောသူအားဘာသာရေး ကိုးကွယ်ယုံကြည်မှုနှင့်စပ်လျဉ်း၍၊ စစ်ဆေးခံစေခြင်းဖြစ်စေ၊ စစ်ဆေးရန်ပြဋ္ဌာန်းခြင်းဖြစ်စေ၊ လူမျိုးရေးနှင့်စပ်လျဉ်း၍ စည်း ကမ်းချက်ကို လိုက်နာစေခြင်းဖြစ်စေ၊လိုက်နာရန်ပြဋ္ဌာန်းခြင်းဖြစ်စေ တက္ကသိုလ်ကခွင့်ပြု လျှင် တရားဥပဒေနှင့်မညီဟုမှတ်ယူရမည်။

ခြင်းချက်။ ။သို့ရာတွင် တက္ကသိုလ်ကခံယူရရှိသော အလှူပစ္စည်းများနှင့် စပ်လျဉ်း၍ စစ်ဆေးခံစေခြင်း၊ စစ်ဆေးရန်ပြဋ္ဌာန်းခြင်းတခုခုပြုထားသည့်ကိစ္စ၌ငင်း၊ ထိုအလှူပစ္စည်းပေးအပ်လှူဒါန်းခြင်းဆိုင်ရာ သေတမ်းစာအရဖြစ်စေ၊ အခြား စာချုပ်စာတမ်းအရဖြစ်စေ ဆိုခဲ့သောစစ်ဆေးခံစေခြင်း၊ စစ်ဆေးရန်ပြဋ္ဌာန်းခြင်းတခုခုကို စည်းကမ်းချက်အဖြစ် ပြုလုပ်ထားသည့်ကိစ္စ၌ငင်း၊ တက္ကသိုလ်ကပြုလျှင်မှုကား တရား ဥပဒေနှင့်ညီသည်ဟုမှတ်ယူရမည်။

၆။ ။(၁) တက္ကသိုလ်ကိုဖြစ်စေ၊ ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ၊ သို့တည်းမဟုတ်တက္ကသိုလ်ကအုပ်ချုပ်သော အဖွဲ့အစည်းတခုခုကိုဖြစ်စေ၊ အဆိုပါတက္ကသိုလ်၊ ကောလိပ်များ၊သို့တည်းမဟုတ် အဖွဲ့အစည်းများ၏ အဆောက်အအုံများ၊မါတ်ခွဲ ဓါတ်စမ်းခန်းများ၊အလုပ်ရုံများ၊ အသုံးအဆောင်များကိုဖြစ်စေ၊ အဆိုပါတက္ကသိုလ်၊ကောလိပ်များ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများ၌သော်ငင်း၊ အဆိုပါတက္ကသိုလ်၊ ကောလိပ်များ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများကသော်ငင်း၊ ပြုလုပ်ဆောင်ရွက်သော စာမေးပွဲ၊စာပေပို့ချမှုနှင့် အခြားလုပ်ငန်းတို့ကိုဖြစ်စေ၊ ကြည့်ရှုစစ်ဆေးရန်ငင်း၊ အဆိုပါတက္ကသိုလ်၊ ကောလိပ်များ၊သို့တည်းမဟုတ်အဖွဲ့အစည်းတခုခုနှင့်စပ်လျဉ်းသောကိစ္စအတွက်စုံစမ်းရန် ငင်း၊ ပုဂ္ဂိုလ်တဦးဦးခန့်အပ်ညွှန်ကြားနိုင်သည့် အခွင့်အရေး နိုင်ငံတော်သမတ ၌ ရှိစေရမည်။ ထိုသို့ကြည့်ရှုစစ်ဆေးစေရန်သော်ငင်း၊ စုံစမ်းစေရန်သော်ငင်း၊ ကြံရွယ်သည့် အခါတိုင်း နိုင်ငံတော်သမတသည်တက္ကသိုလ်ထံသို့ အကြောင်းကြားရမည်။ထိုသို့ကြည့်ရှု စစ်ဆေးခြင်း၊ သို့တည်းမဟုတ် စုံစမ်းခြင်းတခုခုကိုပြုရာတွင် သက်ဆိုင်ရာတက္ကသိုလ်က ကိုယ်စားစေလွှတ်ပြောဆိုပိုင်ခွင့်ရှိရမည်။

စုံစမ်းခွင့်အာဏာ။

(၂) နိုင်ငံတော် သမတ သည် ထိုသို့ကြည့်ရှုစစ်ဆေးခြင်း၊ စုံစမ်းခြင်းတခုခု ကြောင့်တွေ့ရှိရသောအခြေအနေနှင့် စပ်လျဉ်း၍ မိမိ၏ယူဆချက်များကို ကောင်စီအား ကြားသိစေရမည်။ ထိုယူဆချက်များနှင့်စပ်လျဉ်း၍ ကောင်စီ၏ထင်မြင်ချက်ကို သိရသော အခါ မည်သို့အရေးယူဆောင်ရွက်ရမည်ဟု နိုင်ငံတော် သမတ က တက္ကသိုလ်အား အကြံပေးရမည်။

(၃) ကြည့်ရှုစစ်ဆေးခြင်း၊သို့တည်းမဟုတ် စုံစမ်းခြင်းတခုခုကြောင့် တွေ့ရှိရသောအခြေအနေနှင့်စပ်လျဉ်း၍၊အရေးယူရန် ကြံရွယ်ထားသောအချက်ရှိလျှင်သော်ငင်း၊ အရေးယူဆောင်ရွက်ခဲ့ပြီးသောအချက်ရှိလျှင်သော်ငင်း ထိုအချက်တခုခုကို ကောင်စီက နိုင်ငံတော်သမတ ကိုသို့အစီရင်ခံရမည်။

(၄) နိုင်ငံတော်သမတ က ကျေနပ်အောင် ကောင်စီက သင့်တော်သော ကာလအပိုင်းအခြားအတွင်း၌ အရေးယူဆောင်ရွက်ခြင်းမရှိပါက၊ ကောင်စီက တင်ပြသော ရှင်းလင်းချက်ကိုဖြစ်စေ၊ ပြောဆိုချက်ကိုဖြစ်စေ၊ စဉ်းစားပြီးလျှင် သင့်တော်သည် ထင်မြင်သော ညွှန်ကြားချက်များကို နိုင်ငံတော်သမတ က ထုတ်ဆင့်နိုင်သည်။ ကောင်စီ သည် ထိုညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ရမည်။

(၅) ပုဒ်မခွဲ (၁) အရ ခန့်အပ်ခြင်းခံရသော တက္ကသိုလ်ကြည့်ရှုစစ်ဆေးရေး၊ သို့တည်းမဟုတ် စုံစမ်းရေးအရာရှိ ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ဆုံးဖြတ်ချက်မချရီ၊ ကြည့်ရှုစစ်ဆေးခြင်း၊သို့တည်းမဟုတ် စုံစမ်းရေးဆိုင်ရာဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားရန်

အမိန့်ကို နိုင်ငံတော်သမတ သည်၊ အရေးပေါ်ကိစ္စမျိုးတွင် အဆိုပါအရာရှိ၏ထောက်ခံချက်ကိုအခြေပြုလျက်တက္ကသိုလ်သို့ဖြစ်စေ၊ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၏ အုပ်ချုပ်ရေးအဖွဲ့သို့ဖြစ်စေ ထုတ်ဆင့်နိုင်သည်။

အာဏာပိုင်အဖွဲ့များ။

၇။ ။အောက်ပါတို့သည် တက္ကသိုလ်အာဏာပိုင်များဖြစ်ရမည်။

(က) ကောင်စီ။

(ခ) ပါမောက္ခအဖွဲ့။

အဓိပတိခန့်အပ်ခြင်း။

၈။ ။(၁) တက္ကသိုလ် အဓိပတိကို နိုင်ငံတော် သမတ က ခန့်အပ်ရမည်။

(၂) အဓိပတိသည်၊ကောင်စီအစည်းအဝေးတွင်ဖြစ်စေ၊ပါမောက္ခအဖွဲ့အစည်းအဝေးတွင်ဖြစ်စေ မိန့်ခွန်းမြွက်ကြားနိုင်သည်။

ဒုတိယအဓိပတိခန့်အပ်ခြင်း။

၉။ ။(၁) ဥာဏ်ပညာစွမ်းရည်နှင့် ပြည့်စုံ၍ စာပေကျမ်းဂန် အထူးတတ်မြောက်သဖြင့် ထင်ရှားကျော်စောသောပုဂ္ဂိုလ်များထဲမှ တဦးဦးကို တက္ကသိုလ် ဒုတိယအဓိပတိအဖြစ် နိုင်ငံတော် သမတ က ခန့်အပ်ရမည်။ ဒုတိယအဓိပတိသည် ရာထူး၌သုံးနှစ်ထမ်းရွက်ရမည်။ ထို့ပြင် နိုင်ငံတော် သမတ က သတ်မှတ်သော လစာကိုဖြစ်စေ၊စရိတ်ကြေးငွေကိုဖြစ်စေ ရရှိစေရမည်။ ဒုတိယ အဓိပတိသည် ၎င်း၏ရာထူးတွင် ထပ်မံခန့်အပ်ခြင်းကိုခံနိုင်ခွင့်ရရှိစေရမည်။

(၂) ဒုတိယ အဓိပတိသည် တက္ကသိုလ်၏ တာဝန်ခံ အမှုဆောင်အရာရှိချုပ်ဖြစ်စေရမည်။ ကောင်စီနှင့်ပါမောက္ခအဖွဲ့တို့၏ သဘာပတိလည်းဖြစ်စေရမည်။ ဒုတိယအဓိပတိမရှိလျှင်၊ အစည်းအဝေးတက်ရောက်သည့် ပုဂ္ဂိုလ်များထဲမှ အစည်းအဝေးသဘာပတိကို ရွေးကောက်တင်မြှောက်ရမည်။

(၃) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ ဒုတိယအဓိပတိသည် ကာလအပိုင်းအခြား လေးလထက်ကျော်လွန်၍ မန္တလေးမြို့၌မရှိသောအခါ၌သော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားများကို မဆောင်ရွက်နိုင်သောအခါ၌သော်၎င်း၊ နိုင်ငံတော် သမတသည် သင့်တော်သော ပုဂ္ဂိုလ်တဦးအား ခေတ္တဒုတိယအဓိပတိအဖြစ်ခန့်ထားနိုင်သည်။

ကိုယ်စား ဒုတိယ အဓိပတိ ခန့်အပ်ခြင်း။

၁၀။ ။(၁) ဒုတိယအဓိပတိသည်၊မန္တလေးမြို့၌မရှိသောအခါ၌သော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားများကို မဆောင်ရွက်နိုင်သောအခါ၌သော်၎င်း နိုင်ငံတော်သမတ သည်၊သင့်တော်သောပုဂ္ဂိုလ်တဦးအား ကိုယ်စား ဒုတိယ အဓိပတိအဖြစ်ခန့်ထားနိုင်သည်။

(၂) ဤအက်ဥပဒေ၊ စတက်ကျူ ဥပဒေများနှင့်စည်းမျဉ်းဥပဒေ များက ဒုတိယအဓိပတိအား အပ်နှင်းထားသောအာဏာများကို၎င်း၊ တာဝန်ဝတ္တရားများကို၎င်း ကိုယ်စား ဒုတိယ အဓိပတိကဖြစ်စေ၊ ခေတ္တ ဒုတိယ အဓိပတိကဖြစ်စေ သုံးစွဲဆောင်ရွက်ရမည်။

ကောင်စီလူကြီးများ။

၁၁။ ။(၁) ကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ဒုတိယအဓိပတိ။

(ခ) ပညာရေးညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်။

(ဂ) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ၏ အကြီးအကဲများ။

(ဃ) မဟာဌာနမှူးများ။

(င) ပါမောက္ခအဖွဲ့က ရွေးကောက်တင်မြှောက်သောပါမောက္ခအဖွဲ့ဝင်သုံးဦး။

(စ) မှတ်ပုံတင် တက္ကသိုလ်ဘွဲ့ရသူများထဲမှ မိမိတို့အချင်းချင်းတရာလျှင်တယောက်ကျ ရွေးကောက်တင်မြှောက်သော တက္ကသိုလ်ရာထမ်းမှုထမ်းလည်းမဟုတ်၊ တက္ကသိုလ် ကျောင်းသားလည်းမဟုတ်သော ပုဂ္ဂိုလ်တဦး၊ သို့ရာတွင် ထိုသို့ရွေးကောက်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်ဦးရေမှာ သုံးဦးထက်မပိုစေရ။

(ဆ) မန္တလေးမြို့ လွှတ်တော်ရှေ့နေကြီးများ ကောင်စီမှရွေးကောက်တင်မြှောက်သော လူကြီးတဦး။

(ဇ) မြန်မာနိုင်ငံ ဆေးကောင်စီမှ ရွေးကောက် တင်မြှောက်သောလူကြီးတဦး။

(ဈ) မန္တလေးမြို့ မြူနီစီပါယ်က ရွေးကောက်တင်မြှောက်သော မြူနီစီပါယ်လူကြီးတဦး။

(ည) ပြည်သူ့လွှတ်တော်က ရွေးကောက်တင်မြှောက်သော အမတ်လေးဦးနှင့် လူမျိုးစုလွှတ်တော်က ရွေးကောက် တင်မြှောက်သောအမတ်နှစ်ဦး။

(ဋ) မန္တလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ၏ အမှုဆောင်အဖွဲ့က အမည်ပေါင်သွင်းသော၊ တက္ကသိုလ် ရာထမ်းမှုထမ်းလည်းမဟုတ်၊ တက္ကသိုလ်ကျောင်းသားလည်းမဟုတ်သော တက္ကသိုလ်ဘွဲ့ရသူတဦး။ ထိုသူသည် ရာထူး၌ တနှစ်ကာလ အပိုင်းအခြားအတွက် ထမ်းရွက်ရမည့်အပြင် ထပ်မံခန့်ထားခြင်းခံနိုင်ခွင့်ရှိစေရမည်။

(ဌ) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်းက ရွေးကောက်တင်မြှောက်သော၊ တက္ကသိုလ် ရာထမ်းမှုထမ်းလည်း မဟုတ်၊ တက္ကသိုလ်ကျောင်းသားလည်း မဟုတ်သော အသင်းဝင်တဦး။

(ဍ) အဓိပတိက ခန့်ထားသောတက္ကသိုလ်ရာထမ်းမှုထမ်းလည်းမဟုတ်၊ တက္ကသိုလ်ကျောင်းသားလည်းမဟုတ်သူ သုံးဦး။

(ဎ) ပညာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တဦးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တဦး။

(၂) ကောင်စီလူကြီးများကို တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများဟု ခေါ်တွင်စေရမည်။

(၃) ရာထူးအလျောက်ဖြစ်သည့် ကောင်စီလူကြီးများနှင့်ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ) အရ အမည်တင်သွင်းခြင်းခံရသော ကောင်စီလူကြီးတဦးမှတပါး အခြားကောင်စီလူကြီးများသည် ရာထူးတွင် သုံးနှစ်ကာလအပိုင်းအခြားအတွက် ထမ်းရွက်ရမည့်အပြင်၊ ထပ်မံခန့်ထားခြင်းသော်၎င်း၊ ထပ်မံရွေးကောက် တင်မြှောက်ခြင်းသော်၎င်း ခံနိုင်ခွင့် ရရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင်—

(၁) မိမိအား ရွေးကောက်တင်မြှောက်လိုက်သောအဖွဲ့၏အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသောအခါ၊ ကောင်စီလူကြီးရာထူးကိုလည်း စွန့်လွှတ်သည်ဟုမှတ်ယူရမည်။

(၂) ကိုယ်ကျင့်တရားပျက်ယွင်းခြင်းပါဝင်သည့် ပြစ်မှုတခုခုကြောင့် ခြောက်လထက်မနည်းသော ကာလအပိုင်းအခြားအတွက် ထောင်ဒဏ်ခံရသော ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသော ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူဟု အခွင့်အာဏာရ တရားရုံး၏အမိန့်ချမှတ်ခြင်းခံနေရသော ကောင်စီလူကြီးသည် ကောင်စီလူကြီး အဖြစ်မှ ရပ်စဲရမည်။ ထို့ပြင် ဆိုခဲ့သည့်အတိုင်း အရည်အချင်းပျက်ယွင်းသူကို ကောင်စီလူကြီးအဖြစ်ဖြင့်ရွေးကောက်တင်မြှောက်ခြင်းသော်၎င်း၊ အမည်တင်သွင်းခြင်းသော်၎င်း မပြုရ။

၁၂။ ။(၁) ကောင်စီသည် တက္ကသိုလ်၏အုပ်ချုပ်ရေးအဖွဲ့ချုပ်ဖြစ်ရမည်။ တက္ကသိုလ် အခြားအာဏာပိုင်များ၏လုပ်ငန်းကို ပြန်လည်စစ်ဆေးခွင့်အာဏာရှိရမည်။ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စအားလုံးကို တက္ကသိုလ်၏အမည်ဖြင့် ဆောင်ရွက်ရမည်။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်မြောက်အောင်ဆောင်ရွက်ရာတွင် လိုအပ်သည့်အာဏာအားလုံးကို သုံးစွဲရမည်။

ကောင်စီအာဏာ။

ခြွင်းချက်။ ။သို့ရာတွင်—

(က) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပါမောက္ခအဖွဲ့က ဆုံးဖြတ်ခွင့်အာဏာရှိသော ကိစ္စနှင့်စပ်လျဉ်း၍၊ ပါမောက္ခအဖွဲ့က ချမှတ်လိုက်သော ဆုံးဖြတ်ချက်ကို သဘောမတူသောအခါတွင်၊ အဆိုပါဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားစေရန် ပါမောက္ခအဖွဲ့အား တောင်းဆိုနိုင်သောအခွင့်အာဏာသည် ကောင်စီ၌ရှိစေရမည်။

(ခ) ပါမောက္ခအဖွဲ့ကပြန်လည်စဉ်းစားပြီးနောက် မိမိ၏ဆုံးဖြတ်ချက်ကို မပြောင်းလဲလိုဟု ငြင်းဆိုသောအခါတွင် ကောင်စီက အမည်တင်သွင်းသော ကောင်စီလူကြီးငါးဦး၊ ပါမောက္ခအဖွဲ့က အမည်တင်သွင်းသော ပါမောက္ခအဖွဲ့ဝင်ငါးဦး ပါဝင်သည့် တွဲဘက်ကော်မီတီသို့ အချင်းဖြစ်ကိစ္စကို လွှဲအပ်ရမည်။

(ဂ) တွဲဘက်ကော်မီတီကဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုနိုင်သောအခါတွင် အချင်းဖြစ်ကိစ္စကို အဓိပတိသို့လွှဲအပ်ရမည်။ အဓိပတိ၏ဆုံးဖြတ်ချက်သည် အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

(ဃ) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၏ အုပ်ချုပ်ရေးအဖွဲ့သို့ တရားဥပဒေအရ အပ်နှင်းထားသောအာဏာအတွင်းရှိ ကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါအုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကောင်စီကသဘောမတူသောအခါ၌ အဆိုပါအုပ်ချုပ်ရေး အဖွဲ့က မိမိ၏ဆုံးဖြတ်ချက်ကို ကောင်စီကသတ်မှတ်သော သင့်တော်သည့်အချိန်အတွင်းတွင် ပြန်လည်စဉ်းစားရန် ကောင်စီက အဆိုပါအုပ်ချုပ်ရေးအဖွဲ့အား ကောင်းဆိုနိုင်သည်။ အဆိုပါအုပ်ချုပ်ရေးအဖွဲ့က မိမိ၏ဆုံးဖြတ်ချက်ကို မပြောင်းလဲလိုဟု ငြင်းဆိုခဲ့သော် ကောင်စီသည် မိမိကသင့်တော်သည်ဟု ထင်မြင်သော ညွှန်ကြားချက်များကို ထုတ်ဆင့်ရမည်။ ထိုအခါ အဆိုပါအုပ်ချုပ်ရေးအဖွဲ့သည် ညွှန်ကြားချက်များကို လိုက်နာရမည်။ သို့ရာတွင် အဆိုပါညွှန်ကြားချက်များသည်၊ ကောင်စီအစည်းအဝေးတက်ရောက်သည့် ကောင်စီလူကြီးဦးရေ ငါးပုံသုံးပုံက ထောက်ခံသောညွှန်ကြားချက်များဖြစ်စေရမည်။

(၂) အထူးအားဖြင့်ကောင်စီမှာ အောက်ပါအာဏာများ ရှိရမည့်အပြင် အောက်ပါ တာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်ရမည်။

(က) မိမိကသင့်တော်သည်ထင်မြင်သောအတတ်ပညာရပ် အမျိုးမျိုးကို သင်ကြား ပို့ချရေးအတွက် စီမံထားရှိရန်၊ ထို့ပြင် သုတေသနလုပ်ငန်းအတွက်၎င်း၊ ပညာတိုးပွါးရေးအတွက်၎င်း၊ ပညာဖြန့်ချီရေးအတွက်၎င်း စီမံထားရှိရန်။

(ခ) တက္ကသိုလ်အတွက် လိုအပ်သောပါမောက္ခရာထူးများ၊ သုတေသနပညာရှိရာထူးများ၊ ကထိကရာထူးများနှင့်အခြားတက္ကသိုလ်ဆရာ ရာထူးများကိုစီမံထားရှိရန်တက္ကသိုလ်ဆရာ ရာထူးများတွင် ခန့်ထားခြင်းများကိုအတည်ပြုရန်။

(ဂ) တက္ကသိုလ်ပညာသင်ဆုငွေ၊ပညာသင်ထောက်ပံ့ဆုငွေ၊တက္ကသိုလ်ဆုနှင့် အခြားပညာချွန်ဆုများကို စီမံထားရှိချီးမြှင့်ရန်။

(ဃ) ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်များမှ ကျောင်းသားများအတွက်ကောင်စီကသတ်မှတ်သောစာပေပို့ချမှုနှင့် သင်ကြားမှုများကိုစီမံထားရှိရန်၊ ထို့ပြင်တက္ကသိုလ်ကျောင်းသားမဟုတ်သူများအတွက်လည်း၊ စာပေပို့ချမှုသင်ကြားမှုများစီမံထားရှိရန်။

(င) တက္ကသိုလ်သစ်ဖြစ်လာမည်ဟုသော်၎င်း၊ တက္ကသိုလ်အသစ်သို့ လွှဲပြောင်းမည်ဟုသော်၎င်း ယုံကြည်ရန် အကြောင်းရှိသည်လည်းဖြစ်၍ တက္ကသိုလ်နယ်နိမိတ်၏ အပတွင်ရှိသည်လည်းဖြစ်သော ကောလိပ်များအား ဆက်သွယ်ပေါင်းစည်းခွင့် ပေးရန်၊ ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်ကို ဆက်သွယ်ပေါင်းစည်းခြင်းမှရုပ်ရန်၊ ထိုကောလိပ်မှ ဆက်သွယ်ပေါင်းစည်းမှုခံစားခွင့်အားလုံးကို ရုပ်သိမ်းရန်။

<u>ခြင်းချက်</u>။ ။သို့ရာတွင်ကောင်စီနှင့် ပါမောက္ခအဖွဲ့တို့၏ကိုယ်စားလှယ်များတွဲဘက်ကာ၊ကောလိပ်၏ ဘဏ္ဍာရေးနှင့်ပညာသင်ကြားပို့ချရေးအဆင့်အတန်းတို့ကို စစ်ဆေးခြင်း မပြုသေးသမျှကာလပတ်လုံး ထိုကောလိပ်အား ဆက်သွယ်ပေါင်းစည်းခွင့်မပေးရ။ ပညာသင်ကြားပို့ချရေးဘက်တွင်၊ထိုကောလိပ်သည်ဆက်သွယ်ပေါင်းစည်းခြင်းခံထိုက်သည်ဟု ကောင်စီသို့ ထောက်ခံသောပါမောက္ခအဖွဲ့၏ ထောက်ခံချက်ကိုစဉ်းစားပြီးနောက်၊ ကောင်စီသည် ထိုကောလိပ်အားဆက်သွယ်ပေါင်းစည်းခွင့်ပေးရန် ဆုံးဖြတ်နိုင်သည်။ သင့်တော်သည်ဟုထင်မြင်ပါက၊ အဓိပတိ၏ဆုံးဖြတ်ချက်ကိုလိုက်နာနိုင်သည်။

(စ) တက္ကသိုလ်ကထောက်ပံ့ထိန်းသိမ်းထားသည်မဟုတ်သောကျောင်းဆောင်များကိုအသိအမှတ်ပြုရန်၊ သို့တည်းမဟုတ် ထိုသို့အသိအမှတ်ပြုခြင်းကို ရုပ်သိမ်းရန်။

(ဆ) တက္ကသိုလ်ကျောင်းသားများ၏ နေရေးထိုင်ရေးနှင့် စည်းကမ်းသေဝပ်ရေးတို့ကို ကြီးကြပ်အုပ်ချုပ်ရန်။ ထို့ပြင်ကျောင်းသားများ၏ကျန်းမာရေးနှင့် ကောင်းကျိုးအရပ်ရပ်တိုးတက်ဖွံ့ဖြိုးမှုအတွက် စီစဉ်ပေးရန်။

(ဇ) ကောလိပ်များနှင့်ကျောင်းဆောင်များကိုကြည့်ရှုစစ်ဆေးမှုအတွက် စီမံထားရှိရန် အစီရင်ခံစာကိုသော်၎င်း၊ အစီရင်ခံစာရင်းကိုသော်၎င်း၊ အခြားအကြောင်းအရာများကိုသော်၎င်း ကောင်စီကသင့်တော်သည်ဟုသတ်မှတ်သောအချိန်အတွင်း၌တင်ပြရမည်ဟုဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်ထံမှ တောင်းဆိုရန်။

(ဈ) စာကြည့်တိုက်များ၊ ဓါတ်ခွဲ ဓါတ်စမ်းခန်းများ၊ ပြတိုက်များအပြင်တက္ကသိုလ်၏ကိစ္စများကို အထောက်အပံ့ပြုသည့်အခြားအဖွဲ့အစည်းများကိုတည်ထောင်ရန်၊ ဆောက်လုပ်ရန်၊ ဆင်ယင်ရန်၊ ထောက်ပံ့ထိန်းသိမ်းရန်။

(ည) အခကြေးငွေအမျိုးအမည်နှင့် မည်မျှမည်မျှကို သတ်မှတ်ရန်။

(ဋ) အဖွဲ့အစည်းတခုခုအုပ်ချုပ်ရေးကို ဒါယခြင်းအတွက်၎င်း၊ ထိုအဖွဲ့အစည်းပိုင်ပစ္စည်းအားလုံးနှင့် ခံရမည့် တာဝန်များကို လက်ခံခြင်းအတွက်၎င်း၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သောအခြားကိစ္စများအတွက်၎င်း ပဋိညာဉ်ပြုရန်။

(ဌ) သင့်တော်သည်ဟု သတ်မှတ်သောနည်းလမ်းအတိုင်း၊ သင့်တော်သည်ဟုသတ်မှတ်သောကိစ္စများအတွက် အခြားတက္ကသိုလ်များ၊ အာဏာပိုင်အဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရန်။

(ဍ) နှစ်ပတ်လည် အစီရင်ခံစာ၊ နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းများနှင့် ဘဏ္ဍာရေးခန့်မှန်းခြေစာရင်းများကို စဉ်းစား၍ဆုံးဖြတ်ချက်ချရန်။

(ဃ) တက္ကသိုလ်အာဏာပိုင်အသီးသီးနှင့် သက်ဆိုင်သောရွေးကောက်တင်မြှောက်နည်းကိုငှင်း၊ အစည်းအဝေးတွင်လိုက်နာရမည့် စည်းကမ်းနည်းလမ်းကိုငှင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းကိုငှင်း စတက်ကျူ ဥပဒေများဖြင့်စည်းမျဉ်းသတ်မှတ်ရန်။

(ဏ) သင့်တော်သည်ဟု ထင်မြင်ရသော အာဏာပိုင်တခုသို့ဖြစ်စေ၊ အများသို့ဖြစ်စေ မိမိ၏အာဏာများကိုလွှဲအပ်ပေးရန်။

(တ) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ စတက်ကျူ ဥပဒေများကိုပြုလုပ်ရန်၊ ထို့ပြင်ထိုစတက်ကျူ ဥပဒေများကို ပြင်ဆင်ရန်၊ သို့တည်းမဟုတ် ပယ်ဖျက်ရန်။

(ထ) တက္ကသိုလ်ပိုင်ပစ္စည်းများနှင့် ရံပုံငွေများကို သိမ်းဆည်းထားရန်၊ ကြီးကြပ်အုပ်ချုပ်ရန်နှင့် စီမံခန့်ခွဲရန်။

(ဒ) တက္ကသိုလ်ပိုင်တံဆိပ်၏ ပုံသဏ္ဌာန်နှင့် စပ်လျဉ်း၍ငှင်း၊ အဆိုပါ တံဆိပ်ကို ထိန်းသိမ်းမှု သုံးစွဲမှုနှင့် စပ်လျဉ်း၍ငှင်း ညွှန်ကြားရန်။

(ဓ) တက္ကသိုလ်၏ဘဏ္ဍာရေးခန့်မှန်းခြေစာရင်းများကို အသေအချာ စိစစ်၍ နိုင်ငံတော်သမတ ထံသို့တင်ပို့ရန်။

(န) သီးခြားဖေါ်ပြသောကိစ္စများအတွက်တက္ကသိုလ်က သုံးစွဲရန်ထားရှိသည့်ရံပုံငွေအားလုံးကိုစီမံခန့်ခွဲရန်။

(ပ) ပါမောက္ခအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်း၍၊ ပါမောက္ခများကိုခန့်ထားရန်။

(ဖ) ပါမောက္ခမှတပါး၊ မဟာဌာနမှူးများနှင့် တက္ကသိုလ်ဆရာများကို ခန့်ထားရန်။ ထိုပုဂ္ဂိုလ်တို့၏လစာနှင့် အခြားစရိတ်ကြေးငွေများ ကို သတ်မှတ်ရန်၊ ထိုပုဂ္ဂိုလ်တို့၏တာဝန်ဝတ်တရားများနှင့်အမှုထမ်းစည်းကမ်းများကိုသတ်မှတ်ရန်၊ယာယီလစ်လပ်သောရာထူးများတွင်ဖြည့်စွက်ခန့်ထားရေးအတွက် စီမံထားရှိရန်။

(ဗ) ရွှေ့ပြောင်းနိုင်သော၊ သို့တည်းမဟုတ် မရွှေ့ပြောင်းနိုင်သော သေတမ်းစာပါ အမွေပစ္စည်းများကိုငှင်း၊ အလှူပစ္စည်းများကိုငှင်း၊ လွှဲပြောင်းပေးအပ်သော ပစ္စည်းများကိုငှင်း တက္ကသိုလ်၏ ကိုယ်စားလက်ခံရန်။

(ဘ) တက္ကသိုလ်စာမေးပွဲများကျင်းပရေးအတွက်စီမံထားရှိရန်။

(မ) ပါမောက္ခအဖွဲ့၏ထောက်ခံချက်အရ စာစစ်အရာရှိများကိုခန့်ထား ရန်။

(ယ) တက္ကသိုလ်ရာဇမ်းမှုထမ်းများကိုခန့်ထားရန်။ ထိုသူတို့၏လစာနှင့် အခြား စရိတ်ကြေးငွေများ၊ တာဝန်ဝတ်တရားနှင့် အခြားအမှုထမ်းစည်းကမ်းများကိုသတ်မှတ်ရန်။

(ရ) ပါမောက္ခအဖွဲ့၏ထောက်ခံချက်အရ၊ ကောလိပ်များနှင့် ကျောင်းဆောင်များတွင် သင်ကြားပို့ချရန် အရည်အချင်းရှိသော ဆရာများကို အသိအမှတ်ပြုရန်။

(လ) ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်များတွင်အခြားတက္ကသိုလ်ဆရာများကို ခန့်ထားခြင်းနှင့်စပ်လျဉ်း၍၊ ပါမောက္ခအဖွဲ့၏ ထောက်ခံချက်အရ သင့်တော်သည်ဟု၊ သို့တည်းမဟုတ် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း အရေးယူဆောင်ရွက်ရန်။

(ဝ) တက္ကသိုလ်၏ ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်စေရန် အတွက် လိုအပ်သော၊ သို့တည်းမဟုတ် လိုလားအပ်သောအခြား ကိစ္စအရပ်ရပ်ကို ယေဘုယျအားဖြင့်ဆောင်ရွက်ရန်။

(၃) ကောင်စီသို့တင်ပြ၍၊ ကောင်စီကလိုအပ်သည်ဟုယူဆသော ထောက်ခံချက်များနှင့်တကွ၊ နိုင်ငံတော် သမတ ထံသို့ပေးပို့ရန် တက္ကသိုလ်ဆိုင်ရာနှစ်ချုပ် ရ-သုံး မှန်းခြေ ငွေစာရင်းများကို ဒုတိယအဓိပတိက စီစဉ်ပြုလုပ်ရမည်။ ဖြည့်စွက်ခွင့်ပြုငွေများ အတွက် တောင်းဆိုရန်လိုအပ်သောအခါ၊ ကောင်စီမှတဆင့် နိုင်ငံတော်သမတ ထံတွင် တောင်းဆိုရမည်။

(၄) ဒုတိယအဓိပတိ သည်၊ တက္ကသိုလ်အရာရှိများနှင့် လုပ်ငန်းအားလုံးကို ကြီးကြပ်အုပ်ချုပ်ရမည်။ ထို့ပြင် တက္ကသိုလ် ဆိုင်ရာဆရာများနှင့် ရာထမ်း မှုထမ်းများ ခန့်ထားခြင်း၊ အမြဲတန်းထုတ်ပယ်ခြင်း၊ ကြီးကြပ်ခြင်းတို့နှင့်စပ်လျဉ်းသော ကောင်စီ၏ ဆုံးဖြတ်ချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်ရမည်။

ကောင်စီ အစည်းအဝေး။

၁၃။ ။(၁) ကောင်စီသည်၊ သာမန်အားဖြင့် တလလျှင်တကြိမ် ဒုတိယ အဓိပတိ သတ်မှတ်သောနေ့ရက်၌ စည်းဝေးရမည်။ ထို့ပြင် စည်းဝေးသင့်သည်ဟု ကောင်စီကယူဆသောအခြားနေ့ရက် များ၌လည်း စည်းဝေးရမည်။

(၂) ဒုတိယ အဓိပတိ သည်၊ သင့်တော်သည်ဟု မိမိထင်မြင်သော အခါ ကောင်စီအထူးအစည်းအဝေးကိုဘိတ်ခေါ်နိုင်သည်။ ငါးဦးထက်မနည်းသော ကောင်စီ လူကြီးများက လက်မှတ်ရေးထိုးတောင်းဆိုသောအခါ၊ အထူးအစည်းအဝေးကို ဘိတ် ခေါ်စေရမည်။

(၃) ကောင်စီ အစည်းအဝေး အထမြောက်ရေးအတွက် လူကြီးဆယ်ဦး တက်ရောက်ရမည်။

ပါမောက္ခအဖွဲ့ဝင်များ။

၁၄။ ။(၁) ပါမောက္ခအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ဒုတိယ အဓိပတိ။

(ခ) ပညာရေးညွှန်ကြားရေးဝန်၊ သို့တည်း မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ ထို့ပြင် တက္ကသိုလ်ရှိ သက်မွေးမှု ပညာရပ်များနှင့် သက်ဆိုင်သည့် အစိုးရဌာနများမှ လေးဦး ထက်မပိုသော အကြီးအကဲများ။

(ဂ) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်ကျောင်းအုပ်များ။

(ဃ) တက္ကသိုလ်ပညာရပ်အသီးသီးဆိုင်ရာ ဌာနများမှ ဌာနမှူးများဖြစ် သော ပါမောက္ခများ။

(င) ကောင်စီက ရွေးကောက်တင်မြှောက်သော စာပေသင်ကြားပေး မှုမပြုသည့် ကောင်စီလူကြီးသုံးဦး၊

(စ) ကထိကအချင်းချင်း ရွေးကောက်တင်မြှောက်သော ကထိက ငါးဦး။

(၂) ပါမောက္ခအဖွဲ့ဝင်များကို တက္ကသိုလ်အုပ်ချုပ်ရေး အဖွဲ့ဝင်လူကြီးများ ဟု ခေါ်တွင်စေရမည်။

(၃) ရာထူးအလျောက်ဖြစ်သည့် ပါမောက္ခအဖွဲ့ဝင်များမှတပါး၊ အခြားအဖွဲ့ဝင်များသည် ရာထူးတွင်သုံးနှစ်ကာလအပိုင်းအခြားအတွက် ထမ်းရွက်ရမည့်အပြင်၊ ထပ်မံခန့်ထားခြင်းသော်၎င်း၊ ထပ်မံရွေးကောက်တင်မြှောက်ခြင်းသော်၎င်း ခံနိုင်ခွင့်ရှိစေရမည်။

ပါမောက္ခအဖွဲ့အာဏာ။

၁၅။ ။(၁) ပါမောက္ခအဖွဲ့သည် တက္ကသိုလ်၏ ပညာသင်ကြားပို့ချရေးအဖွဲ့ဖြစ်ရမည့်အပြင်၊ တက္ကသိုလ်အတွင်း စာပေပို့ချရေးနှင့် စာစစ်ရေးတို့ကိုလည်း စီမံအုပ်ချုပ်၍ စည်းမျဉ်းတကျဖြစ်အောင် ဆောင်ရွက်ရမည်။ ထို့ပြင် စာပေသင်ကြားပို့ချရေးနှင့်စာစစ်ရေး၊ အဆင့်အတန်း ထိန်းသိမ်းမှုအတွက်တာဝန်ယူရမည်။ ထို့ပြင် ပြဋ္ဌာန်းနိုင်သော အခြားအာဏာများကိုသုံးစွဲပြီး၊ ပြဋ္ဌာန်းသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ(၁)၌ မည်သို့ပင်ပါရှိစေကာမူ၊ ပါမောက္ခအဖွဲ့၏ဆုံးဖြတ်ချက်တိုင်းကို ကောင်စီသို့အစီရင်ခံရမည်။

(၃) ပုဒ်မခွဲ(၁)က ပေးအပ်ထားသောအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ပါမောက္ခအဖွဲ့သည် အောက်ပါအာဏာများကို သုံးစွဲရမည့်အပြင် အောက်ပါတာဝန်ဝတ်တရားများကိုလည်း ဆောင်ရွက်ရမည်။

(က) ပညာသင်ကြားပို့ချရေးကိစ္စအရပ်ရပ်အတွက် ကောင်စီအား အကြံပေးရန်။

(ခ) ပါမောက္ခရာထူးများ၊ သုတေသန ပညာရှိရာထူးများ၊ ကထိကရာထူးများနှင့် အခြားပညာသင်ကြားပို့ချရေး ရာထူးများထားရှိရေးအတွက်၎င်း၊ ထိုရာထူးများဆိုင်ရာ တာဝန်ဝတ်တရားများ၊ လစာနှင့်အခြားစရိတ်ကြေးငွေများအတွက်၎င်း အကြံပေးရန်။

(ဂ) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များတွင်အထူး ပညာရပ်သင်ကြားရေးအတွက်ဖြစ်စေ၊ ပညာရပ်များ ပိုင်းခြားရေးအတွက်ဖြစ်စေ အကြံပေးရန်။

(ဃ) တက္ကသိုလ်ဆိုင်ရာပညာချွန်ဆုများနှင့်အခြားဆုများအတွက် စည်းမျဉ်းဥပဒေများပြုလုပ်ရန်၊ ထိုဆုအမျိုးမျိုးကို စည်းမျဉ်း ဥပဒေများနှင့်အညီချီးမြှင့်ရန်။

(င) ကျောင်းသားများ တက္ကသိုလ်ဝင်ခြင်းကိစ္စနှင့် စပ်လျဉ်း၍၎င်း၊ တက္ကသိုလ်စာမေးပွဲများနှင့် အဆင့်အတန်းချင်း တူသည်ဟုအသိအမှတ်ပြုခြင်း ခံရမည့် ၁ာမေးပွဲများကို ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍၎င်း၊ တက္ကသိုလ်ဘွဲ့ဆိုင်ရာ ပညာရပ် သင်ယူနိုင်ခွင့်အတွက် လိုအပ်သော၊ သို့တည်းမဟုတ် လိုလားအပ်သော နောက်ထပ် အရည်အချင်းများကို ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍၎င်း နိုင်ငံတော် သမတ ၏ ကြီးကြပ်မှုကိုခံယူကာ၊စည်းမျဉ်းဥပဒေများပြုလုပ်ရန်။

(စ) လိုအပ်သောဘာသာရပ်များအတွက် တက္ကသိုလ်ပညာရပ် အဖွဲ့များကိုဖွဲ့စည်းရန်။

(ဆ) စာစစ်အရာရှိ အဖြစ်ခန့်ထားရန် သင့်တော်သောပုဂ္ဂိုလ်တို့၏ အမည်များကို ကောင်စီသို့ထောက်ခံရန်။

(ဇ) ကောလိပ်နှင့်ကျောင်းဆောင်များတွင် သင်ကြားပို့ချရန် အရည်အချင်းနှင့် ပြည့်စုံသော ဆရာတို့ကို အသိအမှတ်ပြုရေးအတွက် ကောင်စီသို့ထောက်ခံရန်။

(ဈ) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များတွင် ကထိကများနှင့် အခြား တက္ကသိုလ်ဆရာများ ခန့်ထားခြင်းကို စဉ်းစားရန်၊ လိုအပ်လျှင် ထိုသို့ခန့်ထားရေးနှင့်စပ်လျဉ်း၍ ကောင်စီသို့ အကျိုးအကြောင်းဖော်ပြပြီး အစီရင်ခံရန်။

(ည) တက္ကသိုလ်စာကြည့်တိုက်များကိုကြီးကြပ်အုပ်ချုပ်ရန်။

(ဋ) ဘာသာရပ်ဌာန အသီးသီးဖွဲ့စည်းရေးအတွက်၊ သို့တည်းမဟုတ် ပြန်လည်ဖွဲ့စည်းရေးအတွက် စီမံချက်များကိုကောင်စီ၏ကြီးကြပ်အုပ်ချုပ်မှုကိုခံယူကာ၊ စီနစ်တကျပြုလုပ်ရန်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းလဲရန်၊ သို့တည်းမဟုတ် ပြန်လည်ပြင်ဆင်ရန်။

(ဌ) ဘာသာရပ်ဌာနအသီးသီးတွင် တက္ကသိုလ်ဆရာများကို တာဝန်ချထားရန်။

(ဍ) တက္ကသိုလ်အတွင်း၌ သုတေသနလုပ်ငန်းကိုအားပေးရန်၊ သုတေသနလုပ်ငန်း၌ခန့်ထားသောသူများထံမှ ဆိုင်ရာအစီရင်ခံစာများကိုတောင်းယူရန်၊ ထိုအစီရင်ခံစာများနှင့်စပ်လျဉ်း၍ကောင်စီသို့ထောက်ခံချက်များတင်သွင်းရန်။

(ဎ) တက္ကသိုလ်နှင့်သက်ဆိုင်ရာ မည်သည့်ဘာသာရပ်ကိုမဆို စဉ်းစားရန်၊ ထိုစဉ်းစားချက်နှင့်စပ်လျဉ်း၍ ကောင်စီသို့ ထောက်ခံချက်များ တင်သွင်းရန်။

(ဏ) ဂုဏ်ထူးဆောင် မဟုတ်သော ဘွဲ့များကို၊ သို့တည်းမဟုတ် တက္ကသိုလ်ဆိုင်ရာ အခြားပညာဂုဏ်ထူးများကို မည်သူတို့အား ပေးအပ်သင့်သည်ဟုဆုံးဖြတ်ရန်။

(တ) ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်များတည်ရှိရာဒေသများ၌ ကျင်းပသော တက္ကသိုလ် စာမေးပွဲများတွင် ကောလိပ်ကျောင်း မနေသည့်ကျောင်းသားများအား ဝင်ရောက်ဖြေကြားခွင့်ပေးခြင်းအတွက်၊ စည်းမျဉ်းဥပဒေများပြုလုပ်ရန်။

(ထ) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပါမောက္ခအဖွဲ့၏အာဏာအတွင်းရှိကိစ္စအားလုံးအတွက် စည်းမျဉ်းဥပဒေများပြုလုပ်ရန်။

ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ အုပ်ချုပ်ရေးအဖွဲ့။

၁၆။ ။(၁) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်တိုင်းကို ပုဒ်မခွဲ (၂) တွင်ပြဋ္ဌာန်းထားသော နည်းလမ်းနှင့်အညီ တရားဝင်အဖွဲ့အဖြစ် ဖွဲ့စည်းထားရမည်ဖြစ်သော အုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) (က) တက္ကသိုလ်က တည်ထောင်ထားရှိသော ကောလိပ်များမှအပဖြစ်သည့် ဆက်သွယ်ပေါင်းစည်းထားသောကောလိပ်များ၏အုပ်ချုပ်ရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းခြင်း၊ လိုက်နာရမည့်စည်းကမ်း နည်းလမ်း အာဏာများနှင့် တာဝန်ဝတ်တရားများအတွက် နည်းဥပဒေပြုလုပ်နိုင်သော အာဏာများသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမတ ၌ရှိစေရမည်။

ခြင်းချက်။ ။သို့ရာတွင် ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ၏ အုပ်ချုပ်ရေး အဖွဲ့များနှင့်စပ်လျဉ်း၍ဖွဲ့စည်းခြင်း၊ လိုက်နာရမည့် စည်းကမ်းနည်းလမ်းများ၊ အာဏာများနှင့်တာဝန်ဝတ်တရားများအတွက်ပြဋ္ဌာန်းထားသော တည်ဆဲ စတက်ကျူဥပဒေများနှင့် နည်းဥပဒေများအားလုံးသည်၊ ဤပုဒ်မခွဲအရပြုလုပ်ထားသော နည်းဥပဒေများဖြင့် ပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်းမခံရသေးသမျှ ဆက်လက်အာဏာ တည်စေရမည်။

(၁) ဤပုဒ်မအရ ပြုလုပ်သော နည်းဥပဒေအားလုံးကို မြန်မာနိုင်ငံပြန်တမ်းတွင်ထုတ်ပြန်ကျေညာရမည်။ ထိုနည်းဥပဒေများသည် ထိုသို့ထုတ်ပြန် ကျေညာသည့်နေ့ရက်မှစ၍ အာဏာသက်ရောက်ရမည်။

(၃) ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များ၊ စတက်ကျူဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲလျင်း၊ နိုင်ငံတော်သမတ၏ အခွင့် အမိန့်ကို ခံယူ၍လျင်း ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ၏ အုပ်ချုပ်ရေးအဖွဲ့များ၌ အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တခုခု အတွက်ဖြစ်စေ နည်းဥပဒေပြုလုပ်နိုင်သောအာဏာရှိစေရမည်။

(က) ကောလိပ်ကောင်စီ၏ဖွဲ့စည်းခြင်း၊ လိုက်နာရမည့်စည်းကမ်း နည်းလမ်း၊ အာဏာများနှင့် တာဝန်ဝတ်တရားများ။
(ခ) ဘာသာရပ်ဌာနများဖွဲ့စည်းခြင်း။
(ဂ) ကောလိပ်ရာထမ်းမှုထမ်းတို့ကိုခန့်ထားခြင်း၊ ထိုသူတို့၏ အလုပ်ဝတ်တရားများ တာဝန်ဝတ်တရားများနှင့် အခ ကြေးငွေများ။
(ဃ) ကျောင်းသားများစည်းကမ်းသေဝပ်မှု။
(င) ကောလိပ်ပိုင် တံဆိပ် ပုံသဏ္ဌာန်၊ ၎င်းတံဆိပ်ထိန်းသိမ်းမှု၊သုံးစွဲမှုတို့ပြင် ပဋိညာဉ်ချုပ်ဆိုရန်နည်းလမ်းနှင့် ချက်လက်မှတ်ရေးထိုးရန်နည်းလမ်း။
(စ) ကောလိပ် ရာထမ်း မှုထမ်းတို့အကျိုးငှါ၊ ပင်စင်ရံပုံငွေကိုဖြစ်စေ၊ အိုနာစာ ရံပုံငွေကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ဖွဲ့စည်းထားရှိခြင်း။
(ဆ) စည်းကြပ်ကောက်ခံရန် အခများ၊သို့တည်းမဟုတ် စရိတ် ကြေးငွေများ တို့ငြင်၊
(ဇ) ကောလိပ် အတွင်းရေး အုပ်ချုပ်မှုဆိုင်ရာ အခြား ကိစ္စအားလုံး။

(၄) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၏ နည်းဥပဒေပြောင်းလဲရေးအတွက်၊ သို့တည်းမဟုတ် ပြင်ဆင်ရေးအတွက် အကြံပေးချက် အားလုံးကို ပဌမဦးစွာသက်ဆိုင်ရာ ကောလိပ်၏ အုပ်ချုပ်ရေးအဖွဲ့ကစဉ်းစားရမည်။ ထိုသို့စဉ်းစားပြီးနောက် ထိုအကြံပေးချက်များကို ထောက်ခံချက်များနှင့်တကွ၊ ကောင်စီမှတဆင့် နိုင်ငံတော် သမတထံသို့ တင်သွင်းရမည်။

(၅) ဤအက်ဥပဒေနှင့် နည်းဥပဒေများ၌၊ မည်သို့ပင်ပါရှိစေကာမူ ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်အားလုံး၏ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများကို သုံးလလျှင်တကြိမ် ကောင်စီလူကြီးများထံသို့ ပေးပို့ရမည်။

(၆) ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်တိုင်း၏ နှစ်ချုပ် ခ-သုံး မှန်းခြေငွေစာရင်းများကို အုပ်ချုပ်ရေး အဖွဲ့ကစိစစ်ရေးသား၍၊ နိုင်ငံတော်သမတထံ ပေးပို့ရမည်။ သို့ရာတွင်နိုင်ငံတော်သမတက တောင်းဆိုလျှင်၊ လိုအပ်သည်ဟု ထင်မြင်ရသော ထောက်ခံချက်များကိုကောင်စီကပေးရမည်။

**ဝင်ရောက်ခွင့် အာဏာ သတ်မှတ်ခြင်း။**

၁၇။ ။(၁) တက္ကသိုလ်သို့ကျောင်းသားများ ဝင်ရောက်ခွင့်ကိုစည်းမျဉ်းဥပဒေများကပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်းစည်းမျဉ်းဥပဒေများက သတ်မှတ်ထားသော အာဏာပိုင်များကပေးရမည်။

(၂) နိုင်ငံတော်သမတ ၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာလျက်ပြုလုပ်ထားသောစည်းမျဉ်းဥပဒေများက ပြဋ္ဌာန်းထားသည့် စာမေးပွဲများကိုဖြစ်စေ၊ စစ်ဆေးခြင်းများကိုဖြစ်စေ၊ မအောင်မြင်လျှင်ရင်း၊ စည်းမျဉ်းဥပဒေများက ပြဋ္ဌာန်းထားသော နောက်ထပ်အရည်အချင်းများမရှိလျှင်ရင်း မည်သည့်ကျောင်းသားကိုမျှ တက္ကသိုလ်သို့ ဝင်ခွင့်မရရှိစေရ။

**ပင်စင်၊ သို့မဟုတ် အိုနာစာရံပုံငွေ။**

၁၈။ ။(၁) သက်ဆိုင်ရာအာဏာပိုင်များကပြုလုပ်ထားသောစတက်ကျူဥပဒေများနှင့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်နည်းလမ်းနှင့်အညီရင်း၊ ထိုသို့သောစည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲရင်း၊ သက်ဆိုင်ရာ ရာထမ်း မှုထမ်းများအကျိုးငှါ ပင်စင်ရံပုံငွေကိုဖြစ်စေ၊ အိုနာစာရံပုံငွေကိုဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ တက္ကသိုလ်ကဖွဲ့စည်းထားရှိရမည်။ ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်ကလည်း၊ သို့တည်းမဟုတ် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (၃) အရ၊ တက္ကသိုလ်က အုပ်ချုပ်သော အဖွဲ့အစည်းကလည်း ဖွဲ့စည်းထားရှိနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ရံပုံငွေကိုဖွဲ့စည်းထားရှိပြီးသောအခါ အိုနာစာရံပုံငွေအက်ဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ အဆိုပါရံပုံငွေကို အစိုးရ အိုနာစာ ရံပုံငွေဖြစ်ဘိသကဲ့သို့၊အဆိုပါအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များသည်အဆိုပါရံပုံငွေနှင့်သက်ဆိုင်စေရမည်ဟု နိုင်ငံတော်သမတ က မြန်မာနိုင်ငံ ပြန်တမ်း၌ ထုတ်ပြန်ကြေညာနိုင်သည်။

**ဂုဏ်ထူးဆောင်ဘွဲ့။**

၁၉။ ။ကောင်စီအစည်းအဝေး တက်ရောက်သော သုံးပုံနှစ်ပုံထက် မနည်းသည့် ကောင်စီလူကြီးများ၏ ထောက်ခံ ချက်ဖြင့်ရင်း၊ ပါမောက္ခ အဖွဲ့ အစည်းအဝေးတက်ရောက်သော သုံးပုံနှစ်ပုံထက်မနည်းသည့် ပါမောက္ခအဖွဲ့ဝင်များ၏ ထောက်ခံချက်ဖြင့်ရင်း ပညာရေးကိစ္စအတွက်တာဝန်ထမ်းဆောင်ရာတွင် ထင်ရှားကျော်စောသောပုဂ္ဂိုလ်များအား၊သို့တည်းမဟုတ် ထူးကဲသောရာထူးဌာနန္တရ၊ သို့တည်းမဟုတ် စွမ်းရည်တို့ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့ရသင့်ရထိုက်သော ပုဂ္ဂိုလ်အား၊အဓိပတိသည် ဂုဏ်ထူးဆောင်ဘွဲ့ကိုအပ်နှင်းနိုင်သည်။

**ဘွဲ့လက်မှတ် ရုပ်သိမ်းခြင်း။**

၂၀။ ။ကောင်စီအစည်းအဝေး တက်ရောက်သော သုံးပုံနှစ်ပုံထက်မနည်းသည့် ကောင်စီ လူကြီးများ၏ သဘော တူညီချက်ဖြင့်ရင်း၊ ပါမောက္ခ အဖွဲ့အစည်း အဝေးတက်ရောက်သော သုံးပုံနှစ်ပုံထက် မနည်းသည့်ပါမောက္ခအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့်ရင်း၊ ချမှတ်သောဆုံးဖြတ်ချက်အရ ကောင်စီနှင့် ပါမောက္ခအဖွဲ့တို့က ထောက်ခံသောအခါ အဓိပတိသည်၊

တက္ကသိုလ်က အပ်နှင်းထားသော၊ သို့တည်းမဟုတ် ချီးမြှင့်ထားသော တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာ လက်မှတ်၊ တက္ကသိုလ်ခွင့်ပြုလက်မှတ်၊ တက္ကသိုလ်အောင်လက်မှတ်၊ တက္ကသိုလ်ဆိုင်ရာအခြားပညာဂုဏ်ထူးတခုခုကို ရုပ်သိမ်းနိုင်သည်။

ပျက်ပြယ်မှုမရှိခြင်း။

၂၁။ ။တက္ကသိုလ်အာဏာပိုင်အဖွဲ့တခု၏၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်း တခုခု၏ ပြုလုပ်မှုသည် သော်၎င်း၊ ဆောင်ရွက်မှုသည်သော်၎င်း၊ အဖွဲ့ဝင်တဦးဦး၏ နေရာလစ်လပ်နေရုံမျှသော အကြောင်းကြောင့် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ရာ၌၊ သို့တည်းမဟုတ် ခန့်ထားရာ၌ ပျက်ကွက်ခြင်း၊ ချို့ယွင်းခြင်း၊ နည်းမကျခြင်းတခုခုရှိရုံမျှသောအကြောင်းကြောင့်ဖြစ်စေ မပျက်ပြယ်စေရ။

မဟာဌာနများ။

၂၂။ ။(က) တက္ကသိုလ်တွင်ဘာသာရပ်ဌာနအများအပြားစုပေါင်းထားသည့် မဟာဌာနများပါဝင်ဖွဲ့စည်းရမည်။

(ခ) အောက်ပါတို့သည် တက္ကသိုလ်၏ မဟာဌာနများ ဖြစ်ရမည်။

ဝိဇ္ဇာပညာမဟာဌာန။
သိပ္ပံပညာမဟာဌာန။
ဆေးပညာမဟာဌာန။
စိုက်ပျိုးရေးပညာမဟာဌာန။

(ဂ) ကောင်စီသည် လိုအပ်သောအခါ၊ ပါမောက္ခအဖွဲ့၏ ထောက်ခံချက်ဖြင့်၊ မဟာဌာနများကိုထပ်ဖြည့်ဖွင့်လှစ်နိုင်သည်။

မဟာဌာနမှူးများ။

၂၃။ ။(၁) မဟာဌာနတိုင်းတွင် မဟာဌာနမှူးတဦးစီရှိရမည်။

(၂) (က) မဟာဌာနမှူးကို ထိုမဟာဌာနအတွင်း၌ဘာသာရပ် ဌာနအသီးသီး၏ဌာနမှူးများက ရွေးကောက်တင်မြှောက်ရမည်။

(ခ) မဟာဌာနမှူးသည် ရာထူးကို တနှစ် ထမ်းဆောင်ရမည်။ သို့ရာတွင် ပြန်လည်ရွေးကောက်တင်မြှောက်ခံနိုင်ခွင့်ရှိသည်။

(ဂ) မဟာဌာနမှူးသည် ရာထူးကို တဆက်တည်း နှစ်နှစ်ထက်ပို၍မထမ်းဆောင်ရ။

(ဃ) မဟာဌာနမှူး၏ တာဝန်ဝတ္တရားများကို တက္ကသိုလ်ကပြုလုပ်ထားသော စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

စတက်ကျူ ဥပဒေပြုလုပ်ခြင်း။

၂၄။ ။နိုင်ငံတော် သမတ က ပြဋ္ဌာန်းသော စတက်ကျူ ဥပဒေများသည် ပဌမဦးဆုံး စတက်ကျူ ဥပဒေများဖြစ်ရမည်၊ သို့ရာတွင် ထိုစတက်ကျူ ဥပဒေများကို ကောင်စီကပြင်ဆင်နိုင်သည်။ သို့တည်းမဟုတ် ထပ်မံဖြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ဖျက်သိမ်းနိုင်သည်။

စည်းမျဉ်းဥပဒေပြုလုပ်ခြင်း။

၂၅။ ။နိုင်ငံတော် သမတ က ပြဋ္ဌာန်းသော စည်းမျဉ်း ဥပဒေများသည် ပဌမဦးဆုံး စည်းမျဉ်း ဥပဒေများဖြစ်ရမည်။ သို့ရာတွင် ထိုစည်းမျဉ်း ဥပဒေ များကိုပါမောက္ခအဖွဲ့က ပြင်ဆင်နိုင်သည်။ သို့တည်းမဟုတ် ထပ်မံဖြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ဖျက်သိမ်းနိုင်သည်။

**စိုက်ပျိုးရေးနှင့် ဆေးသိပ္ပံမဟာ ဌာနခွဲ။**

၂၆။ ။မန္တလေးမြို့တွင် ဖွင့်လှစ် သင်ကြားနေသော ရန်ကုန်တက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံ မဟာဌာနနှင့် ရန်ကုန် တက္ကသိုလ်ဆေးသိပ္ပံ မဟာဌာနခွဲတို့သည်၊ ရန်ကုန်တက္ကသိုလ်၏ အစိတ်အပိုင်း အဖြစ်မှရပ်စဲစေရမည်။ ထိုသို့ရပ်စဲသည့်အခါ ၎င်းတို့သည် မန္တလေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံမဟာဌာနနှင့် မန္တလေးတက္ကသိုလ် ဆေးသိပ္ပံ မဟာဌာနဖြစ်လာရမည်။ ထိုဌာနနှစ်ခုစလုံးသည် ဤအက်ဥပဒေ စတင်အာဏာတည် သည့်နေ့ရက်တွင် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ၎င်း၊ စတက်ကျူဥပဒေများ နှင့်အညီ၎င်း၊ စည်းမျဉ်းဥပဒေများနှင့်အညီ၎င်း၊ ထိုဌာနတို့ကခံစားခဲ့သောအခွင့်အရေး နှင့် အထူးအခွင့်အရေးတို့ကို ဆက်လက်ခံစားစေရမည်။

**နှယ်ပယ်။**

၂၇။ ။အထက်မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသော၊ သို့တည်းမဟုတ် ဖွင့်လှစ်မည်ဖြစ်သော ကောလိပ် အားလုံးသည် မန္တလေး တက္ကသိုလ်၏ ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များသော်၎င်း၊ မန္တလေး ကောလိပ်က အုပ်ချုပ်သော အဖွဲ့အစည်းများသော်၎င်း ဖြစ်လာရမည်။

## အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။

**ပညာသင်ကြားရေးအစီအစဉ် ကိုက်ညီခြင်း။**

၂၈။ ။(၁) ဤအက်ဥပဒေ၊ သို့တည်းမဟုတ် စတက်ကျူ ဥပဒေများ၊ သို့တည်းမဟုတ်စည်းမျဉ်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤအက်ဥပဒေ စတင် အာဏာတည်သည့်နေ့ရက်တွင် ရန်ကုန်တက္ကသိုလ် စာမေးပွဲအတွက် ပညာ သင်ကြားနေသည့်ပြင်၊ ရန်ကုန်တက္ကသိုလ်ပညာရပ်များကိုပြီးမြောက်အောင်ဆက်လက်သင်ကြားရေးကို ရွေးချယ်သည့်၊ မန္တလေးတက္ကသိုလ်ကောလိပ်၊ ရန်ကုန်တက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံ မဟာဌာန၊ ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဟာဌာနခွဲ၊ မကွေး ဥပစာကောလိပ်တို့၏ ကျောင်း သားများအားသင်ကြားပို့ချရေး၊ စာစစ်ရေးတို့အတွက်ဖြစ်သော ပညာသင်ကြားရေးအစီအစဉ်နှင့်အညီ ကိုက်ညီနိုင်သမျှကိုက်ညီအောင် စီမံပြဋ္ဌာန်းထားရမည်။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မခွဲအရ သတ်မှတ်သော ပညာသင်ကြား ပို့ချရေး၊ စာစစ်ရေးဆိုင်ရာ တာဝန်ဝတ်တရားကို ဤအက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက် နောက်နှစ်နှစ်ကုန်ဆုံးသည့်အခါတွင်သော်၎င်း၊ လေးနှစ်ကုန်ဆုံးသည့် အခါတွင်သော်၎င်း အကြောင်းအားလျော်စွာ ရပ်စဲစေရမည်၊

(၂) ပုဒ်မခွဲ (၁) နှင့်အညီ ပြဋ္ဌာန်းထားသည့် စာမေးပွဲကို အောင်မြင်သောကျောင်းသားတိုင်းသည် ရန်ကုန်တက္ကသိုလ်၏ လက်မှတ်နှင့်၊ သို့တည်းမဟုတ် ဘွဲ့နှင့်တူညီသော မန္တလေးတက္ကသိုလ်၏ အလားတူလက်မှတ်ကိုဖြစ်စေ၊ ထိုသို့မသော အလားတူဘွဲ့ကိုဖြစ်စေ ဆိုင်သင့်ရာရာ ရပိုင်ခွင့်ရှိစေရမည်။

(၃) ရန်ကုန်တက္ကသိုလ်၏ ပညာသင်ကြားရေး အစီအစဉ်နှင့်အညီ မိမိ၏ ပညာကို ပြီးမြောက်အောင် ဆက်လက်သင်ကြားရေးကို ပုဒ်မခွဲ (၁) အရ ရွေးချယ်ပိုင်ခွင့်ရှိသော ကျောင်းသားတဦးဦးသည်၊ အခြားနည်းအရည်အချင်းပြည့်စုံပါက၊ အဆိုပါ ပညာကို ဆက်လက်သင်ကြားမည့်အစား စည်းမျဉ်းဥပဒေများအရ ပြဋ္ဌာန်းသော အလားတူ ပညာရှိပါက ထိုပညာကို ဆက်လက်သင်ကြားရန်ရွေးချယ်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုသို့ရွေးချယ်ခြင်းမပြုနိုင်က၊ ရန်ကုန်တက္ကသိုလ်ပညာသင်ကြားရေးအစီအစဉ်နှင့်အညီ၊ အဆိုပါ ကျောင်းသား သင်ကြားနေသော ပညာသင်ကာလအပိုင်းအခြားသည် စည်းမျဉ်းဥပဒေများအရ ထိုသူ လိုက်နာ သင်ကြားပြီးသည့် ပညာသင်ကာလအပိုင်းအခြားဖြစ်သည်ဟုမှတ်ယူရမည်။

(၄) ဤအက်ဥပဒေ၊ သို့တည်းမဟုတ် စတက်ကျူ ဥပဒေများ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများအရ ဖွဲ့စည်းထားသည့် အာဏာပိုင်၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုဖြစ်စေ၊ ဤအက်ဥပဒေ၊ သို့တည်းမဟုတ်စတက်ကျူဥပဒေများ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများပါ အာဏာများအပ်နှင်းခြင်းခံရသည့်အာဏာပိုင်၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဒ်မခွဲ (၁) နှင့် (၂) ပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သည့် အစီအစဉ်များ ပြုလုပ်ရမည်ဟု အမိန့်ပတ်တိ၌ တောင်းဆိုပိုင်ခွင့်ရှိရမည်။ ထိုအာဏာပိုင်၊ သို့တည်းမဟုတ် အဖွဲ့အစည်းသည် အဆိုပါ တောင်းဆိုချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထိုကိစ္စအတွက်ထိုအာဏာပိုင်၊သို့တည်းမဟုတ် အဖွဲ့အစည်းသည် ဤအက်ဥပဒေ၊ သို့တည်းမဟုတ် စတက်ကျူဥပဒေများ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများဖြင့်၊ ၎င်းတို့အား အာဏာအတည့် အလင်းအပ်နှင်းထားဘိသကဲ့သို့ လိုအပ်သည့်အာဏာအားလုံးရရှိထားသည်ဟု မှတ်ယူရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၅၆၊ တရားရေးဝန်ကြီးဌာန၊ ၂၅-၂-၅၀—၂,၂၀၀—၂။